**နွမ်ဂျာသိုင်း**

# ကြွေလည်းအတူ



အခန်း (၁)

# ကြွေလဲ အတူ . . . . .

ဘဝလေးများ

ညှိုးငယ်အားကြောင့်၊ ထားခဲ့မှာလား

မေးစကားနဲ့ ၊ ချောက်ချားထိတ်စိုး

ညှိုးနေပါနဲ့ အချစ်ရယ် . . . .။

နံနက်ခင်းက

လေညင်းသာယာ၊ ပန်းပွင့်ခါမှာ

မခွာမခွဲ၊ ဝေလဲအတူ ပျော်ပြီးမှ . . . .။

ညနေစောင်းလို့

စမ်းချောင်းရေထဲ၊ လေလွင့်ဝဲကာ

ကြေကွဲချိန်ရောက်၊ ရွက်လိမ်ကောက်လို့

ပွင့်ချောက်ဘဝ၊ ကြွေရတော့မှ

မင်းက သတ်သတ်၊ တဖြတ်ဖြတ်ကြွေ

မင်းကြွေနေဆဲ၊ လေညင်းထဲမှာ

ချန်ခွဲနေရစ်၊ ပန်းအသစ်လို ကိုယ်ကဝေ . . . .

အို . . . .

ဘယ်နေမလဲ . . . ဝေးပါကွယ်။

ချိန်ခါသင့်လို့

ပွင့်တုန်းပျော်နေ၊ တူတူဝေမှ

ကြွေချိန်ကျလဲ . . . .တူတူပေါ့ . . . .။

ပန်းကြွေချိန်ခါ

ဆည်းဆာချိန်နှောင်း၊ ညနေစောင်းလဲ

ပွင့်ဟောင်းဘဝ၊ ရွက်ညှောင်းကျချိန်

စမ်းမြေရေထဲ၊ တူတူတွဲပြီး

"ဝေလဲအတူ ပျော်ခဲ့သလို"

ကြွေလဲအတူ ပျော်မယ်နော် . . . .။ ။

**နွမ်ဂျာသိုင်း**

*

## ပထမပိုင်း

"စရန်က ဒေါ်လာခုနစ်သန်းကွာ၊ ဒေါ်လာခုနစ်သန်း ဆိုတော့ မြန်မာငွေနဲ့လဲ လိုက်ယင် ၅၆သန်း- နီးပါးရမယ်၊ ထားပါကွာ . . . . ဟိုပေးဒီပေးနဲ့ သန်းငါးဆယ်ပဲတွက်၊ အဲဒီ မှာ . . . အမြတ်ခွန်က သန်း ၂၀-လောက်တော့ ဆောင်ရမယ်၊ ရတယ် . . . .သန်းသုံးဆယ် ကျန်မယ်"

ဖိုးထိန်စကားကို ရန်နိုင်က ခေါင်းခါသည်။

"မကဘူးထင်တယ် ဖိုးထိန်၊ လေးဆယ် ရာခိုင်နှုန်းပဲ အမြတ်ခွန်ဆောင် ရအောင်၊ မင်းဥစ္စာက ပွဲခွန်မဟုတ်ဘူး၊ အနည်းဆုံး ငါးဆယ်ရာနှုန်းတော့ ပေးရမယ် ထင်တယ်၊ မင်းအတွက် ၂၅ - သန်းလောက်ပဲ ကျန်လိမ့်မယ်"

ဖိုးထိန်က လက်ခံသည့် အနေဖြင့် ခေါင်းညိတ်ပြီး . . . . .

"အေးပေါ့ကွာ . . . ကျသလောက်တော့ ပေးရမှာပေါ့ ဒီငွေတွေက အလကား ဖြစ်သွားမှာမှ မဟုတ်တာ၊ တိုင်းပြည်အတွက် ပြန်သုံးမယ့် ငွေတွေပဲ၊ ငါ့အနေနဲ့ ဒီထက်တောင် ပိုသေးတယ်"

"ဒါဖြင့် သန်းသုံးဆယ် ပေးလိုက်ကွာ၊ ခြောက်ဆယ် ရာခိုင်နှုန်းနဲ့၊ ဒါဆို မင်းအတွက် သန်းနှစ်ဆယ်ပဲ ကျန်တော့မယ်"

"ရတယ် . . . .အဲဒီ်တော့ အဲဒီ ထဲက ၂-သန်း ပေါ့ကွာ၊ သိန်းနှစ်ဆယ် လောက်ဆို အိမ်နဲ့ခြံ ကျယ်ကျယ် ကောင်းကောင်း ကြီးတခု ဝယ်မယ်"

"ကောင်းတယ် . . . .ရွှေတောင်ကြား လမ်းထဲမှာ စပါယ်ရှယ် တလုံး ငါရှာပေးမယ်"

"ရေကူးကန်ပါ ပါပစေနော်"

"အေးပေါ့ . . .ပါရမှာပေါ့၊ နေအုံးကွ . . . ရေကူးကန်ပါယင် ရွှေတောင်ကြားထက် ပြည်လမ်းပေါ် ခြောက်မိုင်ခွဲ လောက်က အင်းလျားကန်းစောင်း ဘက်ဆို ပိုကောင်းမယ်"

"မင်းကောင်းသလို စီစဉ်လေ၊ မင်းက ရေးကူးကန် နားကနောက်ဖေး တန်းလျားမှာ နေရမှာပဲဟာ၊ မင်းစိတ်ကြိုက်သွားရွေး"

"ဟာ . . . မအေပေး၊ မင်း အဲဒီ လို မလုပ်နဲ့၊ ငါ့ကို သေချာကြည့်၊ ဘယ်တော့မှ နောက်ဖေးတန်းလျားမှာ မနေဘူး"

"ဖြစ်ရပြန်ပြီ . . . မင်းကလဲ တမျိုး၊ ဒါဖြင့် ဒီလိုလုပ်၊ မင်းကို ငါ အိမ်တစ်လုံး ဝယ်ပေးမယ်၊ နှစ်သိန်း သုံးသိန်းတန် တိုက်တလုံး၊ အင်းစိန်တို့ . . . တောင်ဥက္ကလာတို့ ဘက်မှာဆို တော်တော် ကောင်းကောင်း ရပါတယ်"

"မင်းဘာဖောက် တာလဲ ဖိုးထိန်၊ မင်းသိန်းနှစ်ဆယ်တန်

အိမ်ကြီးမှာတောင် ငါ့ကို မထားနိုင်တော့ဘူးလား”

“မရဘူး ရန်နိုင် ၊ ငါက ထားချင်ပေမယ့် ငါ့မိန်းမနဲ့ ငါမိန်းမအမျိုးတွေက ကြိုက်မှာမဟုတ်ဘူး၊ မင်းလို အစုတ်ပလုပ်ကောင် နဲ့ ငါ့ခယ်မနဲ့ ညားသွားမှာ စိုးလို့”

“ဩော် . . . မင်းကတော့ မိန်းကတင်မကဘူး ခယ်မတွေပါ ပါလာအုံးမယ်ပေါ့”

ဖိုးထိန် ရယ်သည်။

“ဒါပေါ့ . . . ခယ်မတောင်မှ တယောက်မဟုတ်ဘူး၊ ခယ်မသုံးယောက်နဲ့ ၊ အားလုံး အမှည့်လေး တွေချည်းပဲ၊ အငယ်ဆုံးက ဆယ့်သုံးနှစ်၊ နောက်တစ်ယောက်က ဆယ်လေးနှစ်ခွဲ၊ နောက်တစ်ယောက်က ဆယ့်ခြောက်နှစ်”

“ဟား . . .ဒါဖြင့် မင်းမိန်းမကကော”

“ငါ့မိန်းမက ဆယ့်ခုနစ်နှစ်နဲ့ ဆယ့်တစ်လ”

ရန်နိုင်က ရယ်ယင်း ဖိုးထိန်ကို နှမနှင့် ကိုင်တုတ်သည်။

“ထားပါတော့ကွာ၊ မင်းစိတ်ကူးနဲ့ မင်း ဆိုတော့လဲ ငါကပဲ လျှော့ရမှာပေါ့၊ ဒါပေမယ့် တခုတော့ ရှိတယ်ကွာ၊ ငါ့ကို တောင်ဥက္ကလာတို့ အင်းစိန်တို့ သွားထားမယ်ဆို ယင်တော့ မြို့ထဲကို အလုပ်ကိစ္စလေး ဘာလေး သွားရအောင် ကားတစီးတော့ ဝယ်ပေးထားပါအုံး”

“ဟာ . . . ဝယ်ပေးရမှာပေါ့၊ မင်းကို ဖီးယက် ဃကြီးနံပါတ်လေး တစီး ဝယ်ပေးထားမယ်၊ သုံးလေးသောင်း ဆိုယင်ရတယ်”

“မင်းကြီး ဒေါ်ကြီး၊ ဃကြီးနံပါတ်ဆို နယ်နှင်တဲ့ထဲ ပါသွားမှာပေါ့”

“မပူနဲ့ . . . ဒါကြောင့် ကားအမျိုးအစားကို တခါထဲ ရွေးပေးထားတာ နယ်နှင်တဲ့ အထဲမှာ ဖီးယက်မပါဘူး ကြားတယ်၊ နောက်ပြီးတော့ ကားအမျိုးအစား နာမည်လေး ကလဲ နိမိတ်ကောင်းတယ်၊ မင်းမှာ တိုက်နဲ့ ကားနဲ့ပဲရှိပြီး စားစရာ

မရှိယင် ငှက်ပျော်သီးဖီးကြမ်းလေး တလုံးဝယ်ပြီး အဆာပြေ လျက်နေရအောင်”

“ရန်နိုင် ဘယ်နှကြိမ်မှန်း မသိ ဆဲလိုက်ပြန်၏။ ပြီးမှ . . .

“မင်းကျတော့ ဘာကားသုံးမလဲ”

“ငါက ဂဲလင့်စီးမယ်၊ ကောင်မလေးတွေကို အင်္ဂလိပ်လို ဂဲလ်လို့ ခေါ်တယ် မဟုတ်လား၊ အဲဒီ ဂဲလ်လေးတွေ အမြဲ ကိုယ့်ကို ကြိုလင့်နေဖို့ နိမိတ်နဲ့ ဂဲလင့် . . . ဟဲ . . . ဟဲ”

“ဒါပဲလား”

“ဘယ်ဟုတ်မလဲ၊ င့ါမိန်းမအတွက်က အိုပါယ်၊ ခယ်မတွေ အတွက်က လင်ဆာ . . . တယောက်တစီးစီ”

“ခွေးကောင် . . . အကြောကိုက ထတယ်”

နှစ်ယောက်သား အားရပါးရ ရယ်လိုက်ကြ၏ ။

*

ဖိုးထိန်စကားကို နားထောင်ယင်း ခံတွင်းချဉ်လာသဖြင့် စောစောက သူချထားသည့် ဆေးပေ့ါလိပ်တို ကုန်ခါနီး လေးကို ပြန်ယူသောက်ရန် ကိုယ်ကို လှိမ့်လိုက်သည်။ ခနော်နီ ခနော်နဲ့ ဖြစ်နေသော ဝါးကြမ်းခင်းလေးက ဂျိုးဂျိုးဂျွတ်ဂျွတ် မြည်သွား၏ ။

သူထားသည့် နေရာတွင်လည်း ဆေးပေ့ါလိပ်ကို မရှိတော့။

“ဟ . . .ငါ ခုနထားတဲ့ ဆေးလိပ် ဘယ်ရောက်သွားလဲ”

“ဟဲ . . .ဟဲ . . .ခုန ငါးစဉ်းစားဟင်း သောက်ပစ်လိုက်ပြီ”

“ဟာကွာ . . .မင်းမှာလဲ ခုနက တလိပ်ရှိတဲ့ ဥစ္စာ”

“မလောက်ဘူးကွ၊ စိတ်ကူးက တော်တော်ကြီး ကျယ်တာ၊ ဆေးပေါ့လိပ် တလိပ်ခွဲ သောက်လိုက်လို့ ဒီလောက် အဆင်ပြေသွားတာ”

“မလိုဘူး ဟော့ကောင်၊ ဆေးလိပ်ဖိုး ပြန်ပေး၊ ငါ့ဟာငါ သွားဝယ်သောက်မယ်၊ မင်းသန်းနှစ်ဆယ်က အများကြီး ပိုသေးတယ်၊ ပေး . . . ငါ့ကို ပြားနှစ်ဆယ်”

ဖိုးထိန်က သူ့စွပ်ကျယ် ချိုင်းပြတ်လေး ရင်ဘတ်ကို ပွတ်သည်။

“ငါ့မှာ တပြားမှ မရှိတော့ဘူး ရန်နိုင်၊ ဒါကြောင့် မင်းအတို ငါယူသောက်တာပေ့ါ၊ ထ, မဝယ်တာ ပျင်းလို့ မဟုတ်ဘူး၊ ပိုက်ဆံကို မရှိလို့”

“ခွေးကောင် မရဘူး၊ သွား၊ အင်းလျားကန်ဘေးက မင်းသိန်း နှစ်ဆယ်တန် တိုက်ကြီး ရောင်းပစ်၊

“မလိုဘူး ဟော့ကောင်၊ ဆေးလိပ်ဖိုး ပြန်ပေး၊ ငါ့ဟာငါ သွားဝယ် သောက်မယ်၊ မင်းသန်းနှစ်ဆယ်က အများကြီး ပိုသေးတယ်၊ ပေး . . .ငါ့ကို ပြားနှစ်ဆယ်”

ဖိုးထိန်က သူ့စွပ်ကျယ် ချိုင်းပြတ်လေး ရင်ဘတ်ကို ပွတ်သည်။

“ငါ့မှာ တပြားမှ မရှိတော့ဘူး ရန်နိုင်၊ ဒါကြောင့် မင်းအတို ငါယူသောက်တာပေ့ါ၊ ထ, မဝယ်တာ ပျင်းလို့မဟုတ်ဘူး၊ ပိုက်ဆံကို မရှိလို့”

“ခွေးကောင် မရဘူး၊ သွား၊ အင်းလျားကန်ဘေးက မင်းသိန်း နှစ်ဆယ် တန်တိုက်ကြီး ရောင်းပစ်၊ ပြားနှစ်ဆယ် မရယင်တော့ မင်းဖောင်တိန်ကို လမ်းထိပ်က ကုလားရောင်းပြီး ငါဆေးလိပ် ဝယ်သောက်မှာပဲ”

စောစောက နိုင်ငံခြားမှ စာရေးဆရာ၊ ဟာရိုးရော့်အင်ကို တု၍ တွေးပြီး စိတ်ကူးယဉ်နေတာ သော ဖိုးထိန်စိတ်ညစ်စွာ ခေါင်းကုတ်သည်။

“ဒါလေးတော့ မလုပ်ပါနဲ့ကွာ၊ ငါ့မှာ ကမ္ဘာကျော်အောင် လုပ်ဖို့ ဒီဖောင်တိန် အစုတ်လေး တစ်ချောင်းပဲ ရှိပါတယ်၊ မင်းမှာ ပိုက်ဆံရှိပါတယ်၊ ယောကျ်ားကောင်းမှန်ယင် ငါတွေ့ထား ပါတယ်၊ မင်းမအား ယင်နေ ငါ့ကို ပိုက်ဆံပဲပေး၊ သွားဝယ် ပေးပါ့မယ်။ ငယ်ကျွန်ကြီးလို့ ငါ့ကို သဘောထား၊ မင်းခိုင်း ချင်ရာခိုင်း”

ရန်နိုင် ရယ်သည်။

“ငါ့မလဲ အဲဒါလေးပဲ ချမ်းသာတော့တာ၊ မတတ်နိုင်ဘူးကွာ၊ နှစ်လိပ်မတ်တန်ပဲ ဝယ်လာခဲ့၊ ချွေသောက်မယ်၊ ဒါနဲ့ နေပါအုံး၊ ယောကျ်ားကောင်း မှန်ယင် ကျပ်တန်တရွက်တော့ ရှိရမယ် ဆိုတော့ မရှိတဲ့ မင်းကျတော့ ဘာလဲ”

“ဩော် . . . ယောကျ်ားကောင်း မှန်ယင် ကျပ်တန်တရွက် တော့ ရှိရမယ်၊ ကျပ်တန်တရွက် တောင်မှ သူများအိတ်ထဲက ကျပ်တန်ကို မြင်တတ်ရမယ်လို့ ဆက်ပြောမလို့၊ စကား မဆုံးသေးဘူး”

“မအေ . . . .”

ရန်နိုင်ဆဲမလို့ လုပ်ပြီးမှ သနားသွားသဖြင့် ဆုံးအောင် မဆဲပဲ ရပ်ထားလိုက်သည်။ ရယ်တော့ ရယ်ရသည်။

သည်လိုတော့လည်း ပိုက်ဆံမရှိပေမယ့် လောကကြီးက ပျော်စရာတော့ အကောင်းသားဟု တွေးလိုက်မိ၏ ။

*

“ကိုရန်နိုင် ရှိလား”

ဖိုးထိန် ထွက်သွားပြီး မကြာမီ အိမ်ရှေ့မှ အသံကြားသဖြင့် ထ,

ကြည့်လိုက်သည်။ လမ်းထိပ် လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးလေး မောင်းဝင်းရီ၊ စက္ကူကတ်ပြား နှစ်ချပ်ကိုင်၍ အိမ်ပေါ် တက်လာသည်ကို တွေ့ရ၏ ။

ရန်နိုင် လူးလဲသ၍ . . .

"ရှိတယ်၊ ဘာကိစ္စလဲ မောင်ဝင်းရီ၊ မင်းဆရာ ကိုရွှေဝင်းက လက်ဖက်ရည်ကြွေး တောင်းခိုင်းလိုက်လို့ လား၊ မရှိသေးဘူး၊ လကုန် ဒီဇိုင်းဖိုးတွေ ထုတ်ပြီးမှ ရမယ်လို့ ပြောလိုက်"

"ဟာ . . .ကိုရန်နိုင်ကလဲ မဟုတ်ပါဘူးဗျာ၊ ကိုရန်နိုင့်ကို ပိုက်ဆံပေး မလို့လာတာပါ၊ ဦးရွှေဝင်းက ဆိုင်မှာချိတ်ဖို့ ဆိုင်းဘုတ်လေးနှစ်ခု ရေးခိုင်းလိုက်တယ်၊ တခု ငါးကျပ် ပေးမယ်တဲ့၊ အဲဒါ တဆယ်တဲက ကြွေးနှစ်ကျပ်နှုတ်ပြီး ရှစ်ကျပ်ပေးလိုက်တယ်။

"အမယ်လေးကွာ . . . . .ကြွေးနှစ်ကျပ်များ နှုတ်လိုက်ရသေး တယ်တဲ့လား၊ ကဲကဲ . . . ရတယ်၊ ပေး . . . အဲဒီ ရှစ်ကျပ်ပဲ၊ ဘာဆိုင်းဘုတ် ရေးပေးရမလဲ၊ ပြော"

"ဒီမှာ အစ်ကို၊ ဒါတွေ ရေးပေးရမယ်တဲ့"

ရန်နိုင်က ဒူးယားဗူးခွံကို ဖြန့်ထားသော စက္ကူပေါ်တွင် ကိုရွှေဝင်း မနည်းကြိုးစားပမ်းစား စာလုံးပေါင်း၍ ရေးထားသော မြန်မာစာသတ်ပုံ ပညာရှင်များ ငိုရမည့်စာတန်း ယိုင်နဲ့ ကို တွေ့ရသည်။

"ယူဒေ့ါပျုံးပုံ့ူး

တောင်းဒေ့ါမုံး

အဆုံးကြတော့ . . . .မိတ်ပြက်သမို့

သတိ . . . .

ယနေ့ . . .အကြွေးမရောင်းပါ"

ရန်နိုင့်မျက်နှာ ရှုံ့မဲ့သွားသည်။

"သေပါတော့ ဝင်းရီရာ၊ မင်းဆရာ ကိုရွှေဝင်းက ပိုက်ဆံ ရှစ်ကျပ်ပေးပြီး ငါ့ကို ကိုယ့်အတွင်း ကိုယ်တူးခိုင်း လိုက်တာပဲကွ"

စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။

*

# ၂

ရန်နိုင် ပုံမှန်လို အလုပ်လုပ်သည့် ရွှေလင်းယုန် စာအုပ်တိုက် ရှေ့တွင် ပါဗလစ်ကာ ပစ်ကပ်အနီလေး ငြိမ့်ကနဲ ထိုးရပ်သည်။ ရွှေလင်းယုန် စာအုပ်တိုက်မှ ပင်တိုင်ထုတ်ဝေ နေသော အချစ်ဝတ္ထု ရေးဆရာ ငြိမ်းကျော်ကျော် ကားပေါ်မှ ဆင်းလာသည်။

သူ့သူငယ်ချင်းများ နောက်သကဲ့သို့ အသက် ၃၅ နှစ်နှင့် အဘယ်ဆေးဝါး အားကိုးပြီး ကလေး ရှစ်ယောက်ရအောင် တောက်မွေးထားမှန်း မသိသော ဆရာသည် ရုပ်အကျႋလက်တို အဝါရောင်လေး၊ ရခိုင်ပုဆိုးအဝါကွက်လေးနှင့် နုပျိုဖျတ်လတ်စွာ တိုက်ပေါ် တက်လာသည်။ လက်ထဲမှာလည်း ပါးစပ်ဖြင့် ကိုက်လက်စ မည်းမည်းရှည်ရှည် အရာလေးတခု ပါလာ၏။

"ရန်နိုင်၊ ငါ့ကြော်ငြာ ဒီဇိုင်းတွေ ပြီးပလား"

ရန်နိုင်က ခေါင်းညိတ်၍ . . . .

"ဟုတ်ကဲ့ . . . ပြီးပါပြီဆရာ၊ ကိုဝင်းမြင့်ကို ပေးလိုက်ပြီး ပါပြီ"

“ဩော် . . .အေး . . . အေး”

ဆရာက ကျေနပ်သွားသလို ပြောပြီး ရန်နိုင်ရှေ့ ကုလားထိုင်တွင် ဝင်ထိုင်ယင်း လက်ထဲမှ စားလက်စမုန့် ရှည်ရှည်လေးကို တကိုက် ကိုက်သည်။ ရန်နိုင် မသိမသာ လှမ်းကြည့်လိုက်သော အခါ နိုင်ငံခြားဖြစ် ချောကလက်ထောင့်လေး။

သူ လှမ်းကြည့်လိုက်သည်ကို ဆရာငြိမ်းကျော်ကျော်က မြင်သွားပုံရသည်။

“စားမလား ရန်နိုင်၊ ငါ့မှာ တတောင့် ရှိသေးတယ်”

“မဟားပါဘူးဆရာ၊ ကျွန်တော် မကြိုက်ပါဘူး”

ပျာပျာသလဲ ခေါင်းခါသည်။ မလိုအပ်ပဲ မှသားစကား သုံးလိုက်ရသည့် အတွက် ရင်ထဲမှာ မကောင်း။ ပြီးတော့ . . . .

ယခု အခြေအနေနှင့် ဘာမှ မသက်ဆိုင်တော့သော အတိတ်ဘဝ လေးတစ်ခုကိုလည်း ဖြတ်ကနဲ သတိရလိုက်သဖြင့် ရင်ထဲမှာ နင့်သွားသည်၊ မျက်စိမျက်နှာ ပျက်မသွားစေရန် မနည်းထိန်း ထားလိုက်ရ၏ ။

သက်ပြင်းတခုကို မသိမသာ ခိုးချသည်။

နားထဲမှာလည်း အသံလေးတခု ကျယ်လောင်စွာ မြည်တည်းပဲ ထပ်ရိုက်သွားသည်။

“ကြွေမကြိုက်လို့ မဟုတ်ပါဘူး၊ အဲဒီ ချောကလက် တကိုက်ကိုက် မိတိုင်း ကြွေ့မျက်စိထဲမှာ ကိုနိုင်ကျောပေါ် တုတ်တချက် ကျလာတာ မြင်ရသလို ဖြစ်နေမှာပဲ၊ တော်ပြီ၊ ဒီတသက်မှာ ချောကလက်ကို ကြွေဘယ်တော့မှ မစားတော့ဘူးလို့ ဆုံးဖြတ်ထားတယ်”

ရင်ထဲတွင် ဆွေးမြည့်မြည့်လေး ခံစားလိုက်ရ၏ ။

*

“ခုချိန်မှာ ကြွေလဲ ဘယ်ရောက်ပြီး ဘာဖြစ်နေသလဲ မသိဘူးနော်”

ဆရာငြိမ်းကျော်ကျော် ပြန်သွားသည့်နောက် တိုက်ထဲမှ လူတော်တော်များများ ထမင်းစား ထွက်သွားကြသဖြင့် လူအတော်လေးရှင်းသည်။ စောစောက ရလိုက်သော ဝေဒနာလေး မသိမသာ ခေါင်းပြူလာ၏ ။

မျက်လုံးထဲတွင်လည်း လွန်ခဲ့သော အတိတ်ကာလ တနေရာမှ သူ အင်မတန် တွယ်တာ ခင်မင်ခဲ့သည့် ကြွေဆိုသော မိန်းကလေး၏ မျက်နှာလေးကို ပြန်မြင်ယောင် မိသည်။

ကြွေဆိုသော အမည်နာမနှင့် သိပ်လိုက်လျော ညီထွေလှသည့် ကြွေရုပ်လို မျက်နှာလေး”

ကြွေသား ညက်ညက်လေးကဲ့သို့ မထိရက် မကိုင်ရက်စရာ၊ ဖြူဖြူဖွေးဖွေး သန့်စင်နေသော ကြွေ့ပါးမို့မို့လေး။ ကြွေသားပြာပြာလေး ပေါ်မှာ ဆေးတို့ထား သကဲ့သို့ ကြည်လင်အေးမြ နေသော ကြွေ့မျက်ဝန်းနက် ပြာပြာလေး။ ကြွေကရာလေးပေါ် တွင် ရေးဆွဲထားသော နှင်းဆီပန်းပွင့် ငုံ့ငုံ့လေး ကဲ့သို့ သော ကြွေ့နှုတ်ခမ်းရဲရဲလေး။

“ကြွေ့ကို တွေ့ချင်လိုက်တာ”

ရင်ထဲကနေ၍ မက်မောစွာ တမ်းတမိသည်။

အဘိတ်၏ စေ့ ဆော်မှုဖြင့် သူ့ အကျႌအိတ်ကပ်ထဲတွင် အမြဲရှိနေသော ပစ္စည်း တခုကို ထုတ်ကြည့်မိသည်။

အလွမ်းငွေ့ လေးတခုသည် ရင်ထဲမှ နှလုံးသားကို တလှပ်လှပ်

ဖြစ်သွားအောင် လှုပ်ခါသည်။ တသက်လုံး လွမ်းလို့မဆုံး နိုင်မည့် ပစ္စည်းလေးများပင် . . .။

“ဒီတသက်မှာ ကြွေနဲ့ပြန်ဆုံမှ ဆုံရပါတော့မလား” အားငယ်ချောက်ချားသော စိတ်ကလေး ပေါ်လာသည်။ ကြွေနှင့် ကွဲသွားပြီး နောက်ပိုင်း အခါများစွာ မက်လေ့ ရှိသော အိမ်မက်များ ထဲကလိုပင် “ကြွေရေ . . .ကြွေရေ ” ဟု ရှူးသွပ်စွာ၊ တွယ်ရာမဲ့စွာ အော်ဟစ်ယင်း စကြဝဠာ အနှံ့ပြေးထွက်၍ ရှာဖွေ ပစ်လိုက်ချင်လာသည်။

ရန်နိုင် သက်ပြင်းတခု လေးလေးပင်ပင် ချလိုက်၏ ။

အမှန်တော့ စိတ်ကသာ ကြွေ့ကို ကမ္ဘာပတ်ရှာ နေမိသော်လည်း တကယ့် ဘဝထဲက ရန်နိုင် ကိုယ်တိုင်ကမူ သူကျင်လည်ရရာ အရပ်မှ တဖဝါမှ ခွာဖြစ်သည် မဟုတ်။ ကြက်များယက် သလို ယက်နေရသော ဒင်ကြီ ငုပ်သလို ငုပ်နေရသော ဝမ်းစာရှာ ဘဝတွင် ကြွေသည် အိပ်မက်၌ သာ ကျန်ရစ်၍ ကြာလျှင် တဖြည်းဖြည်း ဝေးသွားဖို့သာ ရှိသည်ဟုလည်း နားလည်မိနေသည်။

ကြွေသည် နံနက်လင်းလျှင် အိမ်ခေါင်းရင်းသို့ ရောက်လာပြီး တစာစာ တေးဆိုတတ်သည့် ငှက်ဝါလေးများလို အတောင်ပေါက်ပြီး သူ့ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာမှပင် ဆုံစရာ ရှိတော့သည်။

ဒါလည်း အိပ်မက်ဆန်သော စိတ်ကူးမျှသာ . . .။

“ဘာတွေ ငိုင်နေလဲ ရန်နိုင်၊ ရော့ . . .ငါ့ကို ဒီဆောင်းပါး တွေအတွက် ခေါင်းစီးစာလုံးလေး တွေလုပ်ပေးစမ်းပါအုံး”

ရွှေလင်းယုန် မဂ္ဂဇင်း အယ်ဒီတာ ဆရာချစ်၏ စကားကြောင့် ရန်နိုင် ပျာပျာသလဲ ဖြစ်သွားသည်။

“ဟုတ်ကဲ့ . . .ဆရာ”

ဆရာချစ်က ရယ်ယင်း . . . .

“လုပ်ပါအုံးကွ၊ ခုန ဘာတွေငိုင်ပြီး တွေးနေတာလဲ ဆိုတာ၊ မိုးအေးအေးနဲ့ မရှိတဲ့ ရည်းစား ရှာလွမ်းနေတာလား”

ရန်နိုင် ရှက်ပြုံးဖြင့် ခေါင်းညိတ်သည်။

“ဟုတ်တယ်ဆရာ၊ ရည်းစားမှ မထားနိုင်သေးတော့လဲ မရှိတဲ့ ရည်းစားလေးပဲ ကြံဖန်လွမ်း နေရတော့တာပဲ”

“အေး . . . ကောင်းပါတယ်ကွာ ဒါပေမယ့် မရှိတာလေး လွမ်းပြီး ချစ်နေတာက ဒုက္ခများပါတယ်၊ ခု . . . . မင်းရှေ့မှာ ရှိတာလေးတွေကို စုတ်တို့၊ ကွန်ပါတို့နဲ့ . . . ဟိုနည်းနည်း ၊ ဒီနည်းနည်း ခြစ်ပြီး ငါ့ဆီယူလာတာက မင်းပိုက်ဆံရမယ်၊ ကဲ . . . ရန်နိုင် လုပ်လိုက်စမ်းပါအုံး”

“ဟုတ်ကဲ့ . . .ဆရာ၊ အဲဒါပဲ ကောင်းပါတယ်” ဟု ရယ်ယင်း ပြောပြီး ဆရာချစ် ပေးသွားသော ဆောင်းပါး များအတွက် ခေါင်းစီး စာတန်းနှင့် လိုအပ်သော သရုပ်ဖော်ပုံများ ရေးဆွဲရန် ပြင်ဆင်သည်။

လူသည် တပြိုင်တည်းမှာ အလုပ်နှစ်လုပ် မလုပ်နိုင်သဖြင့် ပုံဆွဲဖို့ စက္ကူပေါ်တွင် ခဲချလိုက်သည်နှင့် စောစောက အလွမ်းလေးများ လွင့်ပျောက်သည်။

သည်လိုပုံနှင့် ကြွေ့ကို သည်တသက်မှာ ဘယ်လိုမှ ဆုံဆည်းစရာ အကြောင်းမရှိတော့။

အဲ . . . အကြောင်းမရှိတော့ . . . ဟု ထင်မိ၏ ။

*

အခန်း (၂)

သူတပါးတို့၏ အကျိုးစီးပွား ဖြစ်ထွန်းမှုကို လိုလားခြင်းသည် မေတ္တာပေမ မည်၏ ။ ဤမေတ္တာတရားသည် သူတပါးတို့နှင့် မခွာမခွဲ အမြဲတွဲယှဉ် နေလိုခြင်း သဘော အလျှင်းမရှိ။

လူအချင်းချင်း စကြဝဠာ တခုစီပင် ဝေးကွာ၍ နေရစေကာမူ ထိုဝေးကွာနေသူမှာ စီးပွားချမ်းသာ ဖြစ်သည်ဟု သိရလျှင် ကျေနပ်၏ ။ အတူမနေရသည့်အတွက် ခက်ခဲဝန်လေး ခြင်းလျှင်းမရှိ။ သို့ဖြစ်၍ မေတ္တာတရားသည် စင်ကြယ်မွန်မြတ်သော သဘောတရားသာ ဖြစ်၍ ဗြဟ္မဝိဟာရ ဟူသော အမည်ကိုလည်း ရ၏ ။

. . . . .ဟု မင်းကွန်း တိပိဋကရေ ဆရာတော် ဦးဝိစိတ္တ သာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် ပထမတွဲ အနူဒီပနီ၊ ပါရမီတော်ခန်း၌ ဖော်ပြပါရှိ လေသည်။ ကျွန်ုပ်တို့သည် . . . .

နောက်ဆုံး ခေါင်းစီးရေးရမည့် ဆောင်းပါး၏ အစပျိုး စာသားလေးများကို ဝတ္တရား အတိုင်း ဖတ်ယင်းက အာရုံကို ဆောင့်ဆွဲခံလိုက်ရသလို ဖြစ်သွားသဖြင့် ထိုစာပိုဒ် လေးကို နောက်တခေါက် ပြန်ဖတ်မိသည်။

“အတူ မနေရသည့် အတွက် ခက်ခဲဝန်လေးခြင်း အလျှင်းမရှိ . . . .”

ကြွေ့ကို ဖြတ်ကနဲ သတိရသည်။

“အတူ မနေရတဲ့အတွက် ခက်ခဲ ဝန်လေးခြင်း မရှိဆိုတာကတော့ ကိုယ့်အတွက် အကြွင်းမဲ့ မမှန်လှပါဘူး ကြွေရယ် အတူ နေချင်တာပေါ့ ဖြစ်နိုင်ယင် ကြွေ့ကို မြေကမ္ဘာ အဆုံးထိ လိုက်ရှာပြီး ရင်ခွင်ထဲ ထွေးထား ချင်တာပေါ့”

သည်နေ့အဖို့ ဘယ်လို အကြောင်းကြောင်းတွေ ဆုံဆည်း တိုက်ဆိုင်နေသည် မသိ။ ကြွေ့ကို သတိရပြီးယင်း ရနေသည်။

ခွဲခွာနီး အချိန်က ကြွေ့ပါးပေါ်မှ ကူးစက်လာသော မျက်ရည် ပူပူလေးများသည် တဖန် ပြန်စွတ်စို လာသည်ဟု ထင်မိသည်။

"ကြွေ သွားမယ်နော် . . .ကိုနိုင်၊ ကြွေကို ရောက်တဲ့ နေရာကနေ ကိုနိုင့်ဆီကို စာလေးတွေ ရေးပို့မယ် . . .၊ကြွေ့ဆီကိုကော ကိုနိုင် စာပြန်ရေးမယ် မဟုတ်လား"

ထိုစဉ်က သူ ကတိများစွာထက် လေးနက် တိကျသည့် ခေါင်းညိတ်ခြင်းဖြင့် ခေါင်းညိတ် တုံ့ပြန်ခဲ့သည်။

သို့သော် တကယ်တမ်းကျတော့ ကြွေ့ထံမှ စာတစောင် ဝေး၍ သစ်ရွက်ခြောက်လေး တရွက်ပင် ပို့ဆောင်ပေးခြင်း မရှိ။ သို့မဟုတ် လမ်းခရီး၌ ပင် စာအိတ်ပြာလေး များသည် ငှက်ဖြစ်၍ အခြားတပါးသို့ ပျံပြေး သွားလေ သလား သူ မဝေခွဲနိုင်။

ကြွေနှင့် ဝေးခဲ့သည်မှာ ခြောက်နှစ်ကျော် ခုနစ်နှစ်ပင် စွန်းခဲ့ပြီ။ ဘဝ ပင်လယ်ပြင်မှ လောကဓံ လှိုင်းတံပိုးများသည် သူနှင့် ကြွေကို တသောင်တကမ်း တဆိပ်ကမ်းစီ ပုတ်ခတ် ပို့ဆောင် ပစ်လိုက်ကြသည်။

သူရောက်ရာ ကျွန်း . . .ကမ်းသည် တမြင်းမိုရ် လေးကျွန်းမှ မြောက်ကျွန်းကဲ့သို့ ပဒေသာပင် ရှိသည့်အရပ် မဟုတ်။

"တီ . . . တီ"

တိုက်ရှေ့မှ ကားဟွန်းသံ ကြားသဖြင့် ရန်နိုင် တွေးလက်စကို ရပ်ပြီး လှမ်းကြည့်လိုက်သည်။

နောက်ဆုံးပေါ် တိုယိုတာ ခရက်ဆီဒါ အစိမ်းလေး မြင်လိုက်ရသည်။ ကားထဲမှ တိုက်ရှင်၏ သား ကိုမင်းထက်အောင် က လက်ယပ်ခေါ်သဖြင့် ဘာမှာမလို့လဲ မသိဘူးဟု တွေးကာ လက်ထဲက ဆောင်းပါးစာမူကို ခဏချပြီး

ကားနား သွားသည်။

သူ့အနား ရောက်သည်နှင့် ကိုမင်းထက်အောင်က ပြုံးလိုက်ပြီး . . . .

"ကိုရန်နိုင် အားလား"

"အားပါတယ် ကိုမင်း၊ အဲ . . .ဆရာချစ် တောင်းထားတဲ့ ဆောင်းပါး ခေါင်းစီးတခုတော့ ရေးဖို့ ကျန်သေးတယ်"

"ရေးရင် ကြာမလား"

"မကြာပါဘူး . . .နာရီဝက်လောက် ပါပဲ"

"ဒါဖြင့် လုပ်လိုက်ဗျာ . . . ပြီးယင် ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါလား"

ရန်နိုင် ခေါင်းညိတ်သည်။

သည်တိုက်မှာ လုပ်ရကိုင်ရတာ က အဲဒါလေးတွေ အဆင်ပြေသည်။ မင်းထက်အောင်က လူငယ်လည်း လူငယ်၊ ဘွဲ့ရပြီး တခြားအလုပ် မလုပ်ပဲ သူဝါသနာပါသည့် မဂ္ဂဇင်း အလုပ်ပဲ လုပ်မယ်ဟု ဆိုကာ၊ သူ့အဖေ လုပ်ငန်းကို သူကိုယ်တိုင် ဦးစီးပြီး လုပ်နေသူ၊ လူပျိုကလည်း လူပျိုမို့ ဟိတ်ကြီးဟန်ကြီး မရှိ။ တိုက်မှ လူကြီးတွေကို ရိုသေကိုင်းရှိုင်းသလို ရန်နိုင်တို့လို လူငယ်တွေနှင့် လည်း သူငယ်ချင်းလို ဆက်ဆံသည်။

တခါတခါ ပေါက်တောက်တောက် အလုပ်လေးတွေ လည်း အဖော်စပ်ပြီး လျှောက် လုပ်တတ်သည်။ ခုလဲ ဘာစိတ်ကူး ပေါက်နေပြန်ပြီမသိ။

ရန်နိုင် သူ့အလုပ်လေးကို ခပ်မြန်မြန် လက်စသတ်၏ ။

*

“ဘယ်တုံး ကိုမင်း”

တိုက်ရှေ့မှ ကားထွက်လာခဲ့ရာ လမ်းထိပ် လမ်းမကြီးပေါ် ကွေ့ပြီးမှ ရန်နိုင်က မေးသည်။ မင်းထက်အောင်က ရယ်ပြီး . . .

“အေးဗျာ . . .ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ . . .နေအုံး . . . ကိုရန်နိုင်၊ ခင်ဗျား လူတစ်ယောက် မျက်နှာကို ကြည့်ပြီး သူ့စိတ်ထဲမှာ ဘာရှိလဲ ဆိုတာ မပြောနိုင်ဘူးလား”

ရန်နိုင်ပါရော ရယ်သည်။

“ဟာ . . . ကိုမင်း . . . ကျွန်တော့်ကို အင်္ဂဝိဇ္ဇာဆရာနဲ့ မှားပြီ ထင်တယ်၊ ကျွန်တော်က ပုံဆွဲတဲ့သူ ကိုမင်းရ ဘယ်သိမလဲ”

“မဟုတ်ဘူးလေဗျာ . . . ခန့်မှန်းခြေပေ့ါ”

“အင်း . . . ခန့်မှန်းခြေဆိုယင်တော့ နည်းနည်းပါးပါး လွဲယင် လွဲသွားနိုင်တဲ့ ခန့်မှန်းချက် လောက်တော့ ဖြစ်ပါတယ်”

“အေးဗျာ . . . ကျွန်တော့်ကို ခန်းမှန်းပေးစမ်းပါ”

“အခု ခန့်မှန်းရမှာလား . . .ကိုမင်း”

မင်းထက်အောင်က လက်ကာယင်း . . .

“မဟုတ်ဘူး ကိုရန်နိုင်၊ ကျွန်တော်တို့ ခုသွားနေတဲ့ နေရာ ရောက်မှ ကျွန်တော်ကို ဆိုတာကလဲ ကျွန်တော့် ပုံစံကို မဟုတ်ဘူးနော်၊ ကျွန်တော့် အခြေအနေကို ပြောတာ”

ရန်နိုင် ရိပ်မိသလိုလို ရှိလာ၍ . . .

“ဘာလဲ ကိုမင်း၊ ကိုမင်းသဘောကျနေတဲ့ ကောင်မလေးဆီ သွားမလို့လား၊ ပြီးတော့ ကိုမင်း အဲဒီ ကောင်မလေးကို လိုက်လို့ အဆင်ပြေနိုင်

မပြေနိုင် ခန့်မှန်းခိုင်း မလို့လား . . . ”

မင်းထက်အောင် သဘောကျစွာ တဟားဟား ရယ်သည်။

“ကြိုက်ထားပြီ ကိုရန်နိုင်၊ ခင်ဗျား ခန့်မှန်းချက် နည်းနည်းမှ မလွဲချင်ဘူး၊ ဒီအတိုင်းဆို ခင်ဗျား ခန့်မှန်းချက်အပေါ် ကျွန်တော် ပေ့ါပေ့ါ သဘောထားလို့ မရတော့ဘူး”

“ဒါများ ကိုမင်းရာ သက်သက် ကားအလေးခံပြီး ကျွန်တော့် ခေါ်လာတယ်။ ဒီမှာ . . . ဘာမှ ပူမနေနဲ့၊ ကိုမင်းလို လူမျိုးကို ဘယ်မိန်းကလေးကမှ လက်မခံနိုင်စရာ မရှိဘူး၊ အဆင်ပြေကို ပြေစေရမယ် . . . ကျွန်တော် အာမခံရဲတယ်”

မင်းထက်အောင် ရယ်သည်။

“မလုပ်နဲ့ ကိုရန်နိုင်၊ ဒီပုံသေနည်းက မမြဲတမ်းမှန်တာ မဟုတ်ဘူး၊ ခုတောင် ကျွန်တော် တယောက်ထဲ သွားရမှာ အားငယ်နေလို့ ခင်ဗျားအဖော် ခေါ်လာတာပဲ ကြည့်”

ပိုက်ဆံ ရှိတဲ့သူများ အပိုအလုပ်တွေ ကြံဖန်လုပ်တာပဲ ဟု စိတ်ထဲက တွေးလိုက်မိ၏ ။

*

ဂျဒ်ဆင်ဟောဘေးတွင် ကားလေးကို ထိုးရပ်သည်။ ဂျဒ်ဆင်စားသောက်တန်းဘက်သို့ မင်းထက်အောင် လက်ညှိုးထိုးပြ၍

“အဲဒီ ထဲက ဆိုင်တဆိုင်မှာ ထိုင်ပြီး ကျွန်တော့် အနေအထားကို အကဲခတ်ပေးဗျာ၊ သူတို့က သီရိဆောင်မှာ နေတယ်၊ ကျွန်တော်နဲ့ သူ့သူငယ်ချင်းနဲ့က ခင်တယ်၊ ကျွန်တော် ဒီရောက်အောင် ခေါ်ထုတ်လာခဲ့မယ်။ ကျွန်တော်တို့

အခြေအနေ ကြည့်ပြီး ခင်ဗျား ခန့်မှန်းပေး”

ရန်နိုင် ခေါင်းညိတ်သည်။ ကားတံခါးဖွင့်၍ ဆင်းသည်နှင့် မင်းထက်အောင်က လှမ်း၍ . . .

“ဩော် . . . ရော့ ကိုရန်နိုင် ခင်ဗျားတခုခုစားနှင့်”

ဆယ်တန်တချပ် လှမ်းပေးသည်။ နေပါစေဟု ပြောမလို့ လုပ်လိုက်သေးသည်။ နေပါစေ ဆိုလည်း အတင်းပေးမှာ သေချာသည်။ အပိုအလုပ်တွေ လုပ်မနေချင် တော့သဖြင့် ပိုက်ဆံကို လှမ်းယူလိုက်သည်။

မင်းထက်အောင် သီရိဆောင်ဘက် ထွက်သွားတုန်း နေရာ အကွက် အကွင်းကျသော လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်သည်။

ဆိုင်တော်တော် များများကို သည်နေရာက အကဲခတ်ကြည့် နိုင်သည်။

*

“ဟင် . . . .”

ရင်ထဲတွင် ဒိန်းကနဲ ခုန်သည်။

ကြွေ . . . ၊ ကြွေ . . . ဟု သေချာပေါက် သိလိုက်၏ ။ ကိုယ်လုံး ကိုယ်ထည် ပြောင်းလဲမှု၊ ဆံပင်ပြောင်းလဲမှု အနည်းငယ် ရှိသော်လည်း သည်မျက်နှာကို ဘယ်လိုမှမမေ့။

လက်ဖက်ရည် ဆိုင်ဘေးဘက် ကွမ်းယာဆေးလိပ် ဆိုင်ကို ဖြတ်၍ မြင်ရသည်။ ဘေးဘီအဆောင် များဘက်မှ ဖြတ်လာဟန် တူသည်။ အကျႌအနီ ရောင်လေး ဝတ်ထားသည်။

ဝမ်းသာသွားသော စိတ်သည် ဘယ်လိုမှ ထိန်းမရ။ သောက်ရန် မ,

ထားသော လက်ဖက်ရည် ခွက်ကို ကမန်းကတန်း ပြန်ချပြီး ပြေးနှုတ်ဆက်ရန် ပြင်သည်။

လာရင်းကိစ္စ ဘယ်ရောက်သွားမှန်း မသိတော့။

*

ရုတ်တရက် ရှေ့မှ ဖြတ်ပိတ်လိုက်သော လူရိပ်ကြောင့် ထုံးစံအတိုင်း မျက်လွှာချလမ်း လျှောက်လာရာမှ ကြွေ့ရင်ထဲ ထိတ်ခနဲ ဖြစ်သည်။ ရှေ့မှ လာပိတ်သော လူရိပ်ကို အထိတ်တလန့် မော်ကြည့်လိုက်၏ ။

လွယ်သော်လည်း မပိန်သော ကိုယ်လုံး၊ အနေတော်အရပ်နှင့် အသားဖြူဖြူ၊ ဆံပင်ရှည်သည် ဆိုရုံ ရှည်ပြီး နှာတံ ပေါ်ပေါ် ယောကျ်ားချော ချောသော မျက်နှာပိုင်ရှင် လူတယောက်၊ ရွှင်ပြတက်ကြွ နေသောအပြုံးတခု။

ရင်ထဲမှနေ၍ တစုံတယောက်ကို ပြေး အမှတ်ရသည်။ သို့သော် လုံးဝ မျှော်လင့်မထားသော ဖြစ်ရပ်မို့ ဟုတ်မှ ဟုတ်ပါ့မလား ဆိုသော စိတ်က ကပ်လိုက်သည်။

ဟုတ်တယ်၊ ဒါတကယ့် ကိုနိုင်ပဲ . . . ဟူသော အသိရသည်နှင့် ရင်ထဲတွင် ပျော်ရွှင်ဝမ်း သာသော စိတ်ကလေး အရမ်း လှုပ်ရှားသွားသည်။

"ဟင် . . . ကိုနိုင်"

"ဟုတ်တယ် ကြွေ . . .ကိုယ်ပါ၊ ဘာလဲ . . . သိပ် အံ့ဩသွားသလား"

"အင်း . . . အရမ်း အံ့ဩတယ်၊ ဟယ် . . .ကိုနိုင်ရယ်၊ ကြွေဝမ်းသာလိုက်တာ၊ ကိုနိုင် ခု ဘယ်ရောက်နေလဲဟင်၊ ဘယ်လိုလုပ် ကြွေ့ကိုတွေ့လဲ၊ ကြွေ ဒီမှာရှိတာ ကိုနိုင်သိလို့လား"

“ သိလို့မဟုတ်ဘူး ကြွေ၊ ကျောင်းထဲကို ကိစ္စတခုနဲ့ လာယင်း ကြွေ့ကို တွေ့လို့ ဝမ်းသာအားရ ထပြေးလာခဲ့တာ၊ လက်ဖက်ရည်တောင် သောက်ယင်း တန်းလန်း ဒီတိုင်း ထားခဲ့တယ်။

“ဟာ . . . .ဘယ်လိုကြီး ဖြစ်သွားမှန်း မသိဘူး ကိုနိုင်ရာ၊ အံ့သြလိုက်တာ ယုံတောင် မယုံဘူး”

ကြွေက ရင်ကို လက်ကလေးနှင့် ဖိ၍ ပြောသည်။ သူမပြောနှင့် ရန်နိုင်ပင် အံ့သြခြင်း၊ ဝမ်းသာခြင်းတို့ ပေါင်းစုပြီး ကယောင်ချောက်ချားကြီး ဖြစ်နေသည်။ ပြီးမှ လမ်းမအလယ် ကြီးမှာ ဆိုသော အသိရလိုက်၍ . . . .

“လာ ကြွေရာ . . .ကော်ဖီလိုက်သောက်၊ ဆိုင်ထဲကျမှ ပြောစရာ အစုံ ကုန်အောင် ပြောကြတာပေါ့”

“အင်း . . . အင်း”

ကြွေလည်း ကိုယ့်ကိုကိုယ် သတိထားမိသည်။ မြေပေါ် နင်းနေသော ခြေလှမ်းများသည် လည်း မြေနှင့် ထိသည်ဟု မထင်။ ရင်တခုလုံးသည်လည်း မြေနှင့် ထိသည်ဟု မထင်။ ရင်တခုခုံးလည်း တုန်ယင် ခုန်လှုပ်နေသည်။ မိမိအဖြစ်ကို မိမိဘာသာ ယုံလို့မရ။ လူရှင်းသော အရပ်ဆိုလျှင် ဆွေ့ဆွေ့ ခုန်ကောင်း ခုန်နေမိမည်။

“ကိုနိုင်ရယ် . . . ကြွေတော့ အိပ်မက်မက် နေတာလားတောင် အောက်မေ့တယ်၊ ကိုနိုင်တော့ ကိုနိုင် အစစ်ပါနော်”

ရန်နိုင် သဘောကျခြင်းကို အပျော်ဖြင့် ပေါင်း၍ ရယ်သည်။

“အစစ်ပါ ကြွေရယ် . . . တို့နှစ်ယောက် တကယ် ပြန်ဆုံနေ ရတာ ပါ၊ ကြွေအံ့သြတာလဲ မပြောနဲ့၊ ကိုတောင် . . . .ကိုယ့်ကိုကိုယ် အိပ်မက်ထဲ ရောက်နေတဲ့ လူလို ဖြစ်နေတယ်”

“ဟယ် . . . ဝမ်းသာလိုက်တာ”

အသက် ခြောက်နှစ်လောက် ကြီးလာသော ကြွေသည် မူလ ကြွေနှင့်ဘာမှ မထူးခြား ပါလားဟု ရန်နိုင့်ရင်ထဲ အောက်မေ့မိ၏။

*

သည်နေ့ တနေ့လုံး ဒါကြောင့်များ ကြွေ့ကို သတိရနေမိ တာများလား ဆိုသော စိတ် ကိုယ်ထဲဝင်လာသည်။

“ကဲ . . . .ထိုင်ကြွေ . . . ကြွေ ဘာသောက်မလဲ၊ သောက်ချင်တာ အယင်မှာ၊ ကိုယ်တော့ ချက်ချင်းကြီး ဘာစကားမှ ပြောနိုင်အုံးမှာ မဟုတ်သေးဘူး၊ ရင်ထဲက လှုပ်ရှားနေတဲ့ စိတ်တွေ ငြိမ်အောင် အယင်လုပ် ရအုံးမယ်”

“ကြွေလဲ . . . ဒီလိုပဲ . . . ဘာစလို့ ဘာစပြောရမှန်းတောင် မသိတော့ဘူး၊ စိတ်ထဲမှာ အရမ်း ဝမ်းသာနေတာပဲ သိတယ်”

နှစ်ယောက်သား စောစောက ရန်နိုင် ထလာခဲ့သော စားပွဲတွင် အတူ ထိုင်ကြသည်။ တယောက်မျက်နှာ တယောက် အပြုံးဖြင့် ကြည့်လိုက်သည်။ ရန်နိုင်က သူ့ရင်ထဲတွင် အယင်ဆုံး ပေါ်လာသော ခံစားမှုကို ပြောသည်။

“ကြွေ သိပ်လှလာတာပဲ၊ ဟိုတုန်းကထက် အများကြီး ပိုလှနေတယ် လို့တောင် ထင်တယ်”

ကြွေ့ အပြုံးထဲတွင် ရှက်ရိပ်လေး ပြေးဝင်သည်။

“ဟုတ်ပါဘူး ကိုနိုင်ရာ၊ အယင်တုန်း ကလိုပါပဲ၊ ကိုနိုင်သော အယင်တုန်းကနဲ့ မတူတော့တာ၊ ပိုတည်ပြီး ပိုခန့်လာ သလိုပဲ၊ လူကြီးနဲ့လဲ တူလာပြီ”

ရန်နိုင် ရယ်သည်။

"လူကြီးနဲ့ တူလာရတော့မှာပေါ့ ကြွေရာ၊ အသက် ခြောက်နှစ်တောင် ပိုကြီးလာပြီပဲ၊ ကြွေလဲ ရှစ်တန်း ကျောင်းသူလေးနဲ့ မတူတော့ဘူး"

"ကြွေ အခု ဖိုင်နယ် ရောက်နေပြီ ကိုနိုင်ရဲ့ "လော"မှာ . . . .၊ ကိုနိုင်ကော ကျောင်းပြီးပြီလား၊ ဘာနဲ့ပြီးလဲ၊ ဒါမှမဟုတ် မာစတာ ဆက်တက်နေလား"

စပြန်တွေ့သည့် အပျော်ကာလ တလျှောက်လုံးတွင် ပထမ ဆုံးအကြိမ် ရန်နိုင့်ရင်ထဲ အားပျက်သွားသည်။ ပျက်လုဆဲဆဲ မျက်နှာကို ရယ်ခြင်းဖြင့် ဖုံးလိုက်ပြီး . . . .

"ကိုယ် . . . .တက္ကသိုလ် မတက်ဖြစ်ပါဘူးကြွေ၊ ဘယ်ကမှလဲ မပြီးလိုက်ဘူး၊ ခု . . . ကိုယ် ပန်းချီဆရာ လုပ်နေတယ်"

"သြော် . . . "

ကြွေ့မျက်နှာတွင် အရမ်းအံ့သြသွားသော အသွင်သဏ္ဌာန် တခုကို ထင်ထင်လင်းလင်း မြင်လိုက်ရသည်။ ရန်နိုင်က ခေါင်းတချက် ညိတ်၍ . . . .

"ကြွေ့ရှေ့မှာ အခု ရောက်နေတဲ့ ရန်နိုင်ဟာ၊ လွန်ခဲ့တဲ့ ခြောက်နှစ်က ရန်နိုင်နဲ့ ဘာမှမဆိုင် တော့ဘူးကြွေ၊ ကိုယ့်ဘဝဟာ အရမ်း ပြောင်းလဲသွားပြီ ကြွေ့ကို ပြောပြယင် ကြွေအရမ်း အံ့သြ သွားမယ်"

"ဘယ်လိုတွေ ဖြစ်လို့လဲ ကိုနိုင်"

ရန်နိုင် အပြုံးခပ်ညှိုးညှိုး တခု ပြုံးသည်။

"ပြောတာပေါ့ကြွေ၊ ကြွေ့ကို ပြောပြစရာ အချိန်တွေ အများကြီး ရှိပါသေးတယ်၊ ခု တွေ့တွေ့ချင်း စိတ်မကောင်းစရာ စကားတွေ ကိုယ်မပြောချင်သေးဘူး၊ ကြွေလဲ နားမထောင် ချင်နဲ့အုံးနော်"

ကြွေက မျက်ခုံးလေးပင့်၍ ကဗျာကယာ ခေါင်းညိတ်သည်။ ကြွေ့မျက်နှာ စောစောကလောက် မရွှင်ပျတော့။

“ကြွေ အဆောင်မှာနေလား”

“ဟုတ်တယ် ကိုနိုင်၊ ကြွေ သိရိမှာ . . . ကိုနိုင် ကြွေ့ဆီလာမယ် မဟုတ်လား”

“လာမှာပေ့ါကြွေ၊ ကြွေ့ဘက်က ဘာမှ မပြောင်းလဲသေးယင် ကြွေ့ဆီကို နေ့တိုင်း ကိုယ် လာမှာပေ့ါ၊ လာလို့ မဖြစ်ဘူး ဆိုယင်သာ ကိုယ့်ကို ကြိုပြောထား”

ကြွေ့နှုတ်ခမ်းလေး နှင်းဆီဖူးသို့ ငုံ့ငုံ့စူစူ ဖြစ်သွားသည်။

“ကိုနိုင်ကလဲ . . . ကြွေက ဘာပြောင်းရမှာလဲ၊ လာလို့ မဖြစ်စရာ ဘာမှ မရှိဘူး၊ ကိုနိုင်သာ ဘာပြောင်းလဲနေမှန်း ကြွေမသိတာနော်၊ ကြွေ့ဘက်က ဘာမှ မပြောင်းလဲဘူး”

“ကြွေနဲ့ပတ်သက်လို့တော့ ကိုယ့်မှာလဲ ဘာမှမပြောင်း ပါဘူးကြွေ၊ ကြွေ့ကို အမြဲတမ်း သတိရ နေတာပါ၊ ဒီနေ့လဲ သိပ်ထူးခြားတယ်၊ ဘယ်လို ဘယ်လိုတွေ တိုက်ဆိုင်လဲ မသိဘူး၊ တနေ့လုံး ကြွေ့ကို သတိရနေတာ”

တီ . . . . တီ . . . .

နောက်ဘက်မှ မင်းထက်အောင်၏ ကားဟွန်းသံ ကြားလိုက်ရသည်။ ရန်နိုင် ပျာပျာသလဲ လှည့်ကြည့်၏ ။

ကားပေါ်တွင် မင်းထက်အောင် ရောက်နေပြီ။

ရန်နိုင် သက်ပြင်းချလိုက်၏ ။

*

## အခန်း (၃)

ဘာနှင့်တူလဲဆိုတော့ ငယ်ငယ်တုန်းက ကြည့်ဖူးခဲ့သည့် ဇာတ်ထဲ ပွဲထဲမှာ မင်းသမီး မင်းသား အတိဒုက္ခ ရောက်နေတုန်း ဗြုန်းကနဲ မိုးပေါ်က နတ်သားတပါး ဆင်းလာ။ သင်တို့၏ ဒုက္ခများ ယခုကစ၍ လွတ်ပြီ။ မနက်ဖြန်ကျယင် သင်တို့ပျော်ကြ လတ္တံ့ ဟု ကယ်တင် စကားပြော။ ပြီးတော့ မိုးပေါ်ပြန်တက် ပျောက်ကွယ်သွား။ မင်းသား မင်းသမီးက အူကြောင်ကြောင် ဖြစ်ကျန်ခဲ့။ ဝမ်းသာရမလို၊ ဝမ်းနည်းရ မလိုဖြစ်နေ၊ သူ့အဖြစ်က သည်အတိုင်းပါပဲလားဟု ကြွေ တွေးမိသည်။

အဆောင်မှာ ထမင်းနှင့်စားဖို့ အကြော်ထွက်ဝယ်၊ အကြော်ဆိုင်က အကြော်ကုန် သွားသဖြင့် သည်တိုင်းပြန်လာတုန်း ဆိုင်ကြို ဆိုင်ကြားထဲမှနေ၍ မမျှော်လင့်ပဲ ကိုနိုင် ရောက်လာသည်။ ပြီးတော့ ဝမ်းသာစရာ၊ အံ့သြစရာ၊ သိချင်စရာ စကားများ ပြောနေရာက မနက်ဖြန် ကျမှတွေ့မည် ဆိုပြီး ဗြုန်းကနဲ စကားစသတ်၊ အဖိုးတန်ကားကြီး တစီးပေါ် ပြန်တက်။ ထိုနောက် ကြွေမြင်ကွင်းထဲမှ ခဏလေးနှင့် ပျောက်ကွယ်သွားသည်။

ထမင်းလုံးတစ္ဆေ ခြောက်ရာက လန့်နိုးလာသူပင် ကြွေ့လောက် အူကြောင် အံ့သြစွာ ဖြစ်ကျန်ခဲ့မည်ဟု မထင်။

အခန်းထဲ ပြန်ရောက်သည်အထိ ကြွေ့ရင်ထဲမှာ တုန်ယင်လှုပ်ရှား နေဆဲ။ သည်အဖြစ် အပျက်အပေါ် ယုံရခက်သလိုလို ဖြစ်နေသည်။ ကိုနိုင်သည် သတိရခြင်း၊ တမ်းတ မျှော်လင့်ခြင်း၊ များသာချန်ခဲ့ပြီး သူ့ဘဝထဲမှ ပျောက်ကွယ်သွား သည်မှာ ရက်များစွာ မကတော့။ နှစ်ပင် အတော်ကြာခဲ့ပြီ။ ပြန်ရောက်လာတော့လည်း ချက်ချင်းဗြုန်းစားကြီး။

ထို့ပြင် ဘာမျှ လိပ်ပတ်လည်အောင် ပြည့်စုံသောစကားများ မပြောလိုက်ရ။ အဖြစ်အပျက် အပေါ် အံ့အားသင့်၍ မဆုံးခင်မှပင် ကိုနိုင်

ကမန်းကတန်း ပြန်ထွက်သွားသည်။

ကြွေသည် အခန်းထဲရှိ ခုတင်ပေါ်တွင် လှဲချယင်း ဟာဟာ ငူငူကြီး ဖြစ်နေသည်။ သပ်ရပ်စွာ ခေါက်တင်ထားသော ခြင်ထောင်အမိုး ဖြူဖြူ ကို ငေးကြည့်ယင်း ခုတင်လေး ကြုံခဲ့ရသည့် ကိစ္စကို အပြန်ပြန် အလှန်လှန် သုံးသပ်ကြည့်နေမိသည်။

တဖြည်းဖြည်းနှင့် ရုပ်လုံးသည် ပီသလာ၏ ။

သည်အဖြစ်အပျက်သည် အိပ်မက်မဟုတ်။ သွေးလေချောက်ချား၍ ထင်ရာမြင်ရာမြင်မိ၊ တွေးမိပြီး ဖြစ်လာသော အဖြစ်လည်းမဟုတ်။ ထမင်းလုံးတစ္ဆေ ခြောက်ခံရခြင်း မျိုးလည်း မဟုတ်။ နတ်သမီး ပုံပြင်ထဲကလို လိုတရ ဆေးကြိမ်လုံးကြောင့် ဖြစ်လာ သည်လည်းမဟုတ်။ တကယ် ဖြစ်သော အဖြစ်အပျက် ဖြစ်ကြောင်း ပီပီသသ နားလည်လာသည်။

သည်သို့လျှင် သူ့ဘဝထဲသို့ ကိုနိုင် တကယ် ပြန်ရောက်လာပေပြီ။

ကြွေနှင့် အတူ ကိုနိုင် ရှိလာပေတော့မည်။

ကိုနိုင်နှင့် ပြန်ဆုံရပြီ ဆိုသော အသိကို ပိုင်ပိုင်နိုင်နိုင် ရလိုက်သည်နှင့် ကြွေ့ရင်တခုလုံး ဖိုလှိုက်လာ၏ ။ ကာလ အတန်ကြာ အိပ်မောကျ သေဆုံးသလို ဖြစ်နေသော ရင်ထဲက နှလုံးသား သည် ဖြတ်ခနဲ ခုန်လှုပ်နိုးလာ၏ ။

ကြွေသည် အထီးကျန် မဟုတ်တော့။ တွယ်ရာမဲ့ ဖြစ်နေသော နှလုံးသား နွယ်ပင်လေး သည် လျှပ်တပြက်အတွင်း မှီရာတွယ်ရာ ပင်စည်တခု ရလိုက်ပြီ။

ကိုနိုင် ပြန်ရောက်ပြီ။

မနက်ဖြန်ကစ၍ ကြွေသည် ချစ်သူရှိသော မိန်းကလေး ဖြစ်လာပြီ။

ပျော်ရွှင်ကြည် နူးဖွယ်ကောင်းသော ချစ်သူတို့၏ ဘဝလေးများကို ကြွေနှင့် ကိုနိုင်တို့ ပြန်လည် ကြုံကြိုက် ရပေတော့မည်။

တက္ကသိုလ် နယ်မြေတခုလုံးပင် တုန်လှုပ် ချောက်ချားသွားနိုင်၏ ။

တက္ကသိုလ် နယ်မြေတခုလုံး မဟုတ်တောင် ကြွေ့အသိုက် အဝန်း တခုလုံး အံ့သြကြပေမည်။ ကြွေ့မှာ ချစ်သူရှိကြောင်း ဘယ်သူမျှ မသိ။

တက္ကသိုလ် ဘဝတလျှောက်လုံး အင်မတန် လှပယဉ်ကျေး သဖြင့် ချစ်ချင်သူတွေ ဝိုင်းဝိုင်းလည် ခဲ့သည်။ မည်သူ တဦးတယောက်ကိုမျှ ဘာအကြောင်း ပြချက်မှလည်း မပြပဲ ကြွေသည် အားလုံးကို ငြင်းပယ်ခဲ့သည်။

သို့အတွက် ကြွေ့ကိုသိသော တက္ကသိုလ် လောကတွင် ကြွေသည် နှစ်ပေါင်းများစွာ မှန်တလားထဲတွင် ပန်းများခြုံလျက် အိပ်ပျော်နေသော ဒဏ္ဍာရီထဲက မနှင်းဖြူလေး ဖြစ်နေခဲ့သည်။ ကြွေ့အချစ်သာ ပန်းပုရုပ်ကလေး တရုပ် ဖြစ်လျှင် ထိုပန်းပုရုပ်လေး၏ ခြေဖမိုး နူနူပေါ်မှာ ကပ်နေသည့် ဖုန်မှုန့်လေး တမှုန့် ရဖို့အတွက် အိပ်မက်ပေါင်းများစွာကို အရင်းအနှီး ပြုနေသော ယောကျာ်းသားတို့ များစွာ ဝိုင်းရံလျက်ရှိသည်။

ခုချိန်ထိ မည်သူ့ကိုမျှ ချစ်ခြင်းနှင့်အတူ အမုန်းကိုလည်း မည်သူ့ကို မျှမပေးဖူး သေးသဖြင့် မျှော်လင့်ခြင်း များစွာကို ရင်မှာ ပိုက်ယင်း ကြွေ့သိက္ခာ၊ ကြွေ့ဣန္ဒြေ၊ ကြွေ့စောင့်ထိန်းမှုကို တထောင့်တည ပုံပြောသကဲ့သို့ ပြောပြကြသော ပုဂ္ဂိုလ် ကြီးငယ်ရွယ်လတ် တို့သည် မနက်ဖြန် ရောက်သည်နှင့် အံ့သြခြင်း ကြီးစွာ ဖြစ်ကြလေတော့မည်။

သည်ပတ်ဝန်းကျင်တွင် ကိုနိုင်သည် ဒဏ္ဍာရီထဲက မိုးကျရွှေကိုယ် ဖြစ်၏ ။

*

ယောကျာ်းလေးများ ထားတော့။ ကြွေ့ အသိုက်အဝန်းမှ

မိန်းကလေးများပင် အံ့သြထူးဆန်း သွားကြမှာ သေချာသည်။

ဥပဒေသင်တန်း အားလုံး နှင့် သီရိဆောင် အပါအဝင် မိန်းကလေးဆောင်အားလုံးတွင် ရည်းစားထားချင် သလောက် ထားလို့ရလျက် တယောက်မှ မထားပဲ နောက်ဆုံးနှစ် အထိ နံပါတ်မဲ့ ဘုရင်မလေး အဖြစ် တည်ငြိမ်မှု တန်ဖိုးအမြင့်ဆုံး အသတ်မှတ်ခံ ထားရသူမှာ စုစုပေါင်းမှ ကြွေတယောက်သာ ရှိ၏ ။

သူတို့ အားလုံးလည်း ကိုနိုင့်ကို မသိကြ။

ခုနစ်ပြည်ထောင် မင်းသားများ အလယ်တွင် ပန်းကုံးအားလုံးကို သေသပ်စွာ ငြင်းပယ်ခဲ့သော ကြွေသည် တရပ်တကျေးမှ လူစိမ်းတယောက် ဖြစ်သော ကိုနိုင့်ကျမှ စွေ့ကနဲ ပါသလို ပါသွားပြီဆိုသော သတင်းသာ ကြားပါက အံ့သြသွားကြမည်မှာ မလွဲ။

သို့သော် တကယ်တမ်းကျတော့ ကြွေအခုလို တည်ငြိမ်နေခဲ့ခြင်းသည် လည်းကောင်း၊ မည်သူ့မျှ လက်ခံဖို့ ကောင်းသည့် ယောကျာ်းသား တယောက်ကိုမျှ ချစ်သူ အဖြစ် လက်မခံခဲ့ခြင်း သည် လည်းကောင်း သူတို့အတွက် သူစိမ်းပြင်ပြင် ဖြစ်နေသည့် ကိုနိုင့် ကြောင့်ဖြစ်ကြောင်း သူတို့အားလုံး မည်သူမှ မသိကြ။

ကြွေတယောက်တည်း ထိုအကြောင်းများကို တွေးယင်း ပြုံးမိသည်။

ကိုနိုင်သည် ကြွေ့အား မနက်ဖြန်တွင် ဆက်ဆက်လာရောက် မည်ဖြစ်ပြီး မနက်ဖြန် ကစ၍ တသက်လုံး ကြွေ့အပေါ်တွင် ထာဝရ နေသွားတော့မည်ဟု ကတိစကား ပြောကြားသွားခဲ့ပြီ။

ကိုနိုင့်ကို ကြွေ ယုံပါသည်။

ကာလပေါင်းများစွာ ခွဲခွာနေသည့် တလျှောက်လုံးတွင် ကြွေ့ကို ကိုနိုင်မှာသကဲ့သို့ ကြွေ့ထံမှ စာပေါင်းများစွာ စေလွှတ်တိုင်း ကြွေ့ဆီကို ပြန်စာမရေးခဲ့သော်လည်း၊ ကြွေနှင့်ဝေး နေခဲ့သည့် ကာလတလျှောက်လုံး

ကြွေအားပင်ပန်းကြီးစွာ လိုက်လံမရှာ ဖွေခဲ့သော်လည်း ကိုနိုင့်ကို ကြွေယုံပါသည်။

ယခု ပြန်တွေ့ရသော အချိန်ပိုင်း အခိုက်အတန့်လေးတွင် လျှပ်တပြက် လက်တဖျစ် ဆိုနိုင်သလောက် သာ မြင်လိုက်ရသော ကိုနိုင့် မျက်နှာပေါ်မှ အမူအရာ အားလုံးသည်လည်း ကြွေ့ယုံခြင်းကို မှန်ကန်ကြောင်း သက်သေ ပြသွားပါသည်။

မနက်ဖြန် ကျလျှင် ကြွေ့အနားသို့ ကိုနိုင်အကြာကြီး ရောက်လာတော့မည်မှာ ဘာမျှ ယုံမှားစရာ မရှိ။

မနက်ဖြန် ကိုနိုင်နှင့်တွေ့လျှင် ကွဲကွာ နေစဉ် တလျှောက်လုံး ကြွေ . . . ကိုနိုင့်ကို ထာဝရ တမ်းတ လွမ်းဆွတ်လျက် ရှိကြောင်း၊ သက်သေပြရန် လိုအပ်သော ပစ္စည်းလေးများကို အဆင်သင့် ပြင်ဆင်ထား လိုက်သည်။

အမှတ်တရ ချစ်သက်သေလေးများ။

ဘဝတွင် အဖိုးမဖြတ်နိုင်ဆုံး အချစ်၏ အမွေပစ္စည်းလေးများ။

ခရေပန်းခြောက် လေးများစွာ . . . စံကားပွင့် ခြောက်လေးတပွင့်။ ပြီးတော့ ဓာတ်ပုံတပုံ . .။

ကြွေသည် ကြည်နူးကျေနပ်လွန်းသဖြင့် ပင့်သက်ကလေးနှင့် အတူ မျက်လုံးအစုံကို မှိတ်ထားလိုက် မိသည်။ မည်သည့်ကာလ ကတည်းက ကျချင်နေမှန်း မသိသော ပီတိမျက်ရည် အေးအေး လေးများသည် မှိတ်ထားသော ကြွေ့မျက်လုံးထောင့် စွန်းများမှ အလုအယက် တိုးထွက် လာကြသည်။

ဝမ်းသာလွန်းသဖြင့် ခေါင်းအုံးနှင့် မျက်နှာအပ်ပြီး ကြွေ ရှိုက်ကြီးတငင် ငိုချလိုက်၏ ။

*

“ဟ . . . သောက်ကျိုးနဲ . . .ကျားသားမိုးကြိုး”

ခြင်ထောင်အပြင်ဘက် ခေါင်းပြူအတွက် ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် ဖိုးထိန် အလန့်တကြား ရေရွတ်ယင်း . . . ဝုန်းကနဲ ထရပ်သည်။ ကမန်းကတန်း ပြေး၍ လည်း တဲပြင် ခေါင်းထုတ်၍ ဘေးဘီဗယ်ညာ ပျာပျာယာယာ ကြည့်သည်။

“ဟေ့ကောင် ဖိုးထိန် . . . ဘာဖြစ်တာလဲ”

ဖိုးထိန့် အမူအရာကြောင့် ရန်နိုင် စိုးရိမ်တကြီး မေးလိုက်သည်။ ခဏခဏ ရူးပေါပေါ စကားများ ပြောတတ်သော ဖိုးထိန် ညတွင်းချင်း စိတ်ဖောက်ပြန် သွားပြီလားဟု ပူပန်သွား ၍ ဖြစ်၏ ။

ဖိုးထိန်က ပြူးပြူးပျာပျာနှင့် တဲတွင်း ပြန်ဝင်လာသည်။ ပုဆိုးအသစ် ဝတ်လျက် တန်းလန်း၊ အကျႌသစ်ကို မီးသွေးမီးပူဖြင့် ကြော့နေအောင် တိုက်နေသော ရန်နိုင့်ကို မယုံသင်္ကာ မျက်လုံးများဖြင့် ပြူးကြည့်ပြီး . . .

“ရန်နိုင် ငါတို့ လှိုင်မြို့နယ်ထဲမှာပဲ ရှိသေးတယ်နော်၊ မင်းနဲ့ ငါနဲ့ ဘာမှ မဖြစ်ကြသေးဘူး၊ မဟုတ်လား”

ရန်နိုင် မျက်မှောင်ကြုတ်သွားသည်။

“ဟေ့ကောင် . . . ဖိုးထိန်၊ မင်းဘာဖြစ်နေလဲ၊ ငါတို့နေတာ အုတ်ကျင်းမှာပဲဟာ၊ ဘယ်ရောက်ရမှာလဲ၊ ပြီးတော့ ဘာဖြစ်ရမှာလဲ”

“တော်သေးတာပေါ့ကွာ၊ ငါတို့နေရာက တနှစ်တခါ လောက် မီးမလောင်ပဲ မနေတဲ့ အရပ်မို့ ညက ငါတို့အိပ်နေယင်း မီးထဲပါသွားပြီး တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ နတ်ပြည်ခြောက် ထပ်ထဲက ဘယ်အထပ် ရောက်နေသလဲလို့ ထကြည့်နေတာ”

“ဘာကြောင်တာလဲ ဖိုးထိန်၊ ဒီဝါးခင်းပေါ်မှာ အိပ်နေပြီ။ မင်း

ကြီးဒေါ်ကြီး နတ်ပြည်ရောက် ရမလား၊ ကိုယ်အိပ်နေတဲ့ ခြင်ထောင် အစုတ်တောင် အားမနာဘူး”

“ဟ . . . ဒီနေ့ အိပ်ရာကနိုးတာ ခါတိုင်းနေ့နဲ့ မတူဘူးကွ၊ ခါတိုင်း ကိုယ်ရောင် ကိုယ်ဝါ မွဲပြာ စုတ်ဖတ်နေတဲ့ မင်းကို အိပ်ရာက နိုးနိုးချင်း ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာ မြင်လိုက်ရလို့၊ နောက်ပြီး ဘယ်တုန်းကမှ လှည့်မကြည့်တဲ့ ငါ့မီးပူတွေ ဘာတွေကို ယူပြီး ဒီနေ့ ဒီအချိန်ကြီး ထတိုက် နေလို့ ငါတော့ ဘဝပြောင်းသွားပြီ အောက်မေ့ နေတာ”

“ဟာ . . . ခွေးဂန့်ဒူးသား”

သည်တော့မှ သူ အဝတ်သစ်၊ အစားသစ် ဝတ်ထားခြင်း၊ ပြင်ဆင်နေခြင်းကို အသိုင်းအဝိုင်း နှင့် ချီ၍ နောက်နေမှန်း သိသည်။

“ငါ့မဆဲနဲ့ ရန်နိုင်၊ မင်းနဲ့ငါ အတူတူ နေတာ သုံးနှစ်လောက် ရှိပြီး၊ မင်းကို ပြောင်ပြောင် ရောင်ရောင် မြင်ရတာ ဒီတခါပဲ ရှိသေးတယ်”

ရန်နိုင်က မီးပူတိုက်ပြီးသော အကျႌကို တချက်ခါ၍ ကောက်ဝတ်ယင်း ရယ်သံဖြင့် ရော၍ ...

“သုံးနှစ်မဟုတ်ဘူး ဖိုးထိန်၊ ခြောက်နှစ် . . . ခြောက်နှစ် . . . .၊ အဲဒီ ခြောက်နှစ်အတွင်းမှာ ငါ့အတွက် အပျော်ဆုံး ရက်ဆိုလို့ ဒီတရက်ပဲ ရှိသေးတယ်၊ ဒါပေမယ့် နောက်ကျယင်တော့ မင်းရိုးသွားမှာပါ၊ ဒီနေ့ကစပြီး နောက်ကို မင်းဒီပုံအတိုင်းပဲ ငါ့ကို မြင်ရတော့မယ်”

“ဩော် . . . မှတ်လောက် သားလောက် ပါပေရဲ့ ကျေးဇူးရှင် ကြီးရယ် . . .၊ ဘဝမှာ ရည်းစားဟောင်းနဲ့ မတွေ့မချင်း စုတ်တီးစုတ်ဖတ်ပဲ နေ နေရမယ်ဆိုတဲ့ လောကကြီး အတွက် ဘဝအမြင် အဘိဓမ္မာသစ်ကြီး တခု မွေးဖွား ပေးလိုက်လို့ အင်း . . .ဘုရား စောင်းတန်းက ဖိုးဝရုပ်သို့၊ ဇီးကွက်ရုပ်တို့ လုပ်တဲ့လူ သွားခေါ်ပြီး မင်းပုံတူတခု စက္ကူ ခေါင်းပွနဲ့ လုပ်ခိုင်း ရဦးမယ်၊ အာဇာနည် ကျောက်တိုင်

ဘေးနားမှာ ကျောက်တိုင်ကို အလေးပြု လာယင်း ပါးတချက်စီ ဝင်ဝင်ရိုက် သွားဖို့ ထားမလို့”

မနေ့ညက ပြောပြထားသဖြင့် ဖိုးထိန်က အကြောင်းစုံ သိနေပြီမို့ သာသာနှင့် နာနာလေး တွယ်ထည့်လိုက်သည်။ ကိုယ့်အကြောင်းနှင့် ကိုယ် ဘာမှ ငြင်းစရာမရှိသဖြင့် ရန်နိုင် ဘာမှ မပြောတော့ပဲ ရယ်ယင်း အိမ်ပေါ်မှ ဆင်းသည်။

ဖိုးထိန်က ကြမ်းပေါ်တွင် ငုတ်တုတ် ထိုင်ချပြီး ၊ ရန်နိုင့် နောက်ကျောကို ကြည့်၍ သံဝေဂ ရစွာ ညည်းညူ၏ ။

“ဩော် . . .ရန်နိုင် . . .ရန်နိုင်၊ အသည်းတွေ ကြွေမတတ် လွမ်းခဲ့ရတဲ့ ကြွေ့အတွက် စုတ်တီးစုတ်ဖတ် ဘဝကနေ ပြောင်ပြောင် ရောင်ရောင် အမြဲနေသွားဖို့ ကြွေးတွေ ဘယ်လောက် တင်ဦးမလဲ မသိဘူးနော် . . . ”ဟု . . .

*

အုတ်ကျင်းမှနေ၍ ရှစ်ကားစီးပြီး စံရိပ်ငြိမ် မှတ်တိုင်တွင် ဆင်းသည်။ သည်ဘက် ရန်ကုန် အင်းစိန် လမ်းမကြီးမှ နေ၍ တက္ကသိုလ်ရှိရာ ပြည်လမ်းဘက် ဖောက်ထွက်ရန် စံရိပ်ငြိမ် ရပ်ကွက် ဖြတ်လမ်းလေး အတိုင်း လမ်းလျှောက်လာခဲ့သည်။

စိတ်ထဲတွင် ကြည်နူးခြင်း၊ ကျေနပ်ခြင်းနှင့် အတူ ရင်ခုန်ခြင်း များပါ ရော၍ လှုပ်ရှားနေ၏ ။ ခြောက်နှစ်တာ ကာလလုံး သက်ငြိမ်ပန်းချီကား တချပ်လို အထီးကျန် ရသည်မှအပ ဘာနိုးကြားသော အာရုံမှ မပေးစွမ်းနိုင်သည့် သူ့နှလုံးသားသည် မနေ့ညနေကစ၍ ပြောင်းလဲ လာခဲ့ပြီဟု နားလည်နေသည်။

မနေ့ညက သူ့ရင်တွင် ဖြစ်ပေါ်လာခဲ့သော အပျော်လေး များကို လမ်းလျှောက်ယင်း ပြန်စမြုံ့ ပြန်ကြည့်သည်။

ကြွေ့ကို နှုတ်ဆက်၍ မင်းထက်အောင် ကားပေါ်သို့ ပြန်တက်သော အခါ၊ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် မင်းထက်အောင် က ကြိုနေ၏ ။

"ဟား . . . ခင်ဗျားက တယ်ခြေသွက်တဲ့ လူပါလား ကိုရန်နိုင်။ ဘယ်လိုကနေ ဘယ်လို ဒီလောက်လှတဲ့ ကောင်မလေး ခင်ဗျား ဖမ်းထိန်းထား လိုက်တာလဲ၊ ခင်ဗျားပြောတော့ တက္ကသိုလ် ထဲကို ဖြစ်ဖြစ်မြောက်မြောက် တခါမှ မသွားဖူးဘူးဆို"

ရန်နိုင်က ရယ်သည်။

"မသွားဖူးပါဘူး ကိုမင်းရ၊ အထူးသဖြင့် မိန်းကလေး ကိစ္စနဲ့ တခါမှ မရောက်ဖူးပါဘူး"

"နို့ . . . ဒီကောင်မလေးနဲ့ ဘယ်တုန်းက ဘယ်လို ပတ်သက် လိုက်တာလဲ၊ သီရိဆောင်မှာ အဲဒီ ကောင်မလေးက သိပ်နာမည်ကြီးတာ၊ အလှလဲ အလှဆုံး၊ အတည်လဲ အတည်ငြိမ်ဆုံးတဲ့။ ကျွန်တော့် သူငယ်ချင်းက ပြောပြဖူးတယ်၊ ပထမ နှစ်ကနေ နောက်ဆုံးနှစ်အထိ၊ ဘယ်ယောကျာ်း လေးနဲ့မှ ငါးမိနစ်ထက် ပိုပြီး စကားမပြောဖူးဘူးတဲ့။ ဘယ်သူမှလဲ လိုက်သို့ မရဘူးတဲ့။ ခင်ဗျားကျတော့ စွံလှချည်လား၊ ကင်တင်းအတူ ထိုင်တယ်၊ ကျွန်တော် စောင့်ကြည့် နေတာပဲ ဆယ့်ငါးမိနစ်လောက် ရှိတယ်၊ တကယ့်ရည်စားတွေ ကျနေဘာပဲ"

"တကယ့် ရည်စားတွေ ကျမှာပေ့ါ ကိုမင်း သူနဲ့ ကျွန်တော် နဲ့ က တကယ့်ရည်းစား တွေပဲ၊ အဲဒါ ကျွန်တော် ချစ်သူ"

"ဟာ . . . ဟုတ်ရဲ့လား ကိုရန်နိုင်ရာ၊ ကျွန်တော် သိသလောက် အဲဒီ ကောင်မလေးမှာ ရည်းစား မရှိပါဘူး"

"ဘယ်သူကပြောလဲ၊ ကိုမင်း သူငယ်ချင်းက ပြောတာလား"

"ဟုတ်တယ်"

"သူ ဘယ်သိမလဲ ကိုမင်းရာ၊ သူသိတာက ကြွေ့တက္ကသိုလ် ကျောင်းသူဘဝပဲ သိတာပဲဟာ၊ တက္ကသိုလ် နယ်မြေမှာ ကြွေနဲ့ ကျွန်တော် ဒီတခါပဲ တွေ့ဖူးတယ်"

"ဒါဖြင့် ဘယ်မှာ သွားတွေ့နေလို့လဲ"

"ဘယ်မှာမှ မတွေ့ဘူး၊ ကြွေဒီမှာ ရှိမှန်းတောင် ကျွန်တော် မသိဘူး"

"နို့ . . . ခင်ဗျားနဲ့ ရည်းစားဆို"

"ဟုတ်တယ် . . .ကိုမင်း၊ ကြွေဟာ ကျွန်တော် ချစ်သူပါ"

"ဟာဗျာ . . .ခင်ဗျား စကားကရှုပ်နေပြီ"

"မရှုပ်ပါဘူး ကိုမင်း ကြွေနဲ့ ကျွန်တော် တယောက်နဲ့ တယောက် ဘယ်ရောက်လို့ ဘယ်ရောက်မှန်း မသိပဲ ကွဲသွား ကြတာ ခြောက်နှစ်ကျော်ပြီ။ ခုနမှ မမျှော်လင့်ပဲ ကျွန်တော်တို့ နှစ်ယောက် ပြန်ဆုံကြတာ၊ ဒီနေ့ ကျွန်တော့်ကို ဒီခေါ်လာတဲ့ ကိုမင်းကို ဘယ်လို ကျေးဇူးတင်ရမယ် မှန်းတောင် မသိဘူးဗျာ"

သည်တော့မှ မင်းထက်အောင် ဓာတ်ရည်လည်သည်။

"သြော် . . . ဒီလိုလား၊ ဒါဖြင့် ငယ်ချစ်ဦးနဲ့ တွေ့ဆုံခြင်းပေါ့၊ ဒီလိုဆိုယင်တော့ ဒီနေ့ပွဲဟာ ခင်ဗျားပွဲ ဖြစ်သွားပြီ ကိုရန်နိုင်၊ ကျွန်တော် အဆောင်ထဲ သွားတော့ ကျွန်တော် တွေ့ချင်သူ တယောက်မှ မတွေ့ခဲ့ရဘူး၊ မြို့ထဲ သွားကြတယ်တဲ့၊ ခင်ဗျားကတော့ အချစ်ဦးနဲ့ ပြန်ဆုံရပြီ၊ နဂိုက ခင်ဗျားကို ကျွန်တော် ညစာကျွေးမလို့ ခုတော့ ခင်ဗျား ကျွေးတော့ ဘယ့်နှယ်လဲ"

"ရပါတယ် . . .ကိုမင်းရာ . . .ဒီလိုနေမျိုးမှ မကျွေးယင် ဘယ်လို နေ့မှ ကျွေးစရာ ရှိမှာ မဟုတ်တော့ဘူး၊ ကိုမင်းသွားချင်တဲ့ နေရာ သွားပြီး စားချင်တာစား၊ အဲ . . .တခုပဲ ရှိတယ်၊ ဒီနေ့ ကျွန်တော် အပ်ခဲ့တဲ့ ဒီဇိုင်းဖိုးတွေတော့ ကြိုပေးမှ ဖြစ်မယ်၊ အကျႌအိတ်ထဲမှာ ရေခဲရေဖိုးလောက်ပဲ ပါတယ်ဗျာ"

“ရတယ် . . .ရတယ် . . .လိုသလောက်သာ ကြိုးထုတ်ထား၊ ဘယ်သူ အဲ . . . .ကြွေ . .၊ ကြွေ့အတွက် ကြွေးနဲ့သာ ပြုစုဟုတ်လား”

နှစ်ယောက်သား ရယ်လိုက်ကြ၏။

*